# ပထမအကြိမ်အမျိုးသားလွှတ်တော် အဌမပုံမှန်အစည်းအဝေးတွင်ဆွေးနွေးသည့်အဆိုများ

| စဉ် | တင်သွင်းသူအမည် မဲဆန္ဒနယ်နှင့် ကိုယ်စားပြုပါတီ | အဆိုအကြောင်းအရာ | အဆိုတင် သည့်နေ့ | ဆုံးဖြတ် သည့်နေ့ | ရှင်းလင်းဖြေကြား သည့်ဌာန | မှတ်ချက် |
|---|---|---|---|---|---|---|
| ၁ | ဒေါက်တာမြင့်ကြည် ရန်ကုန်တိုင်းဒေသကြီး မဲဆန္ဒနယ်အမှတ်(၈) ပြည်ထောင်စုကြံ့ခိုင်ရေး နှင့်ဖွံ့ဖြိုးရေးပါတီ | အလုပ်သမားအခွင့်အရေးများကို ပြန်လည်သုံးသပ်၍ အလုပ်သမား ဥပဒေရေးဆွဲရန် ပြည်ထောင်စုအစိုးရအား တိုက်တွန်းကြောင်း အဆို။ | ၉-၁၀-၂၀၁၃ ဆဋ္ဌမနေ့ | ၂၈-၁၀-၂၀၁၃ (၁၂)ရက် မြောက်နေ့ | အလုပ်သမား ဒုတိယဝန်ကြီး ဒေါ်ဝင်းမော်ထွန်း | မှတ်တမ်းတင် |
| ၂ | ဦးမျိုးမြင့် မန္တလေးတိုင်းဒေသကြီး မဲဆန္ဒနယ်အမှတ်(၆) ပြည်ထောင်စုကြံ့ခိုင်ရေး နှင့်ဖွံ့ဖြိုးရေးပါတီ | အဆင့်မြင့်နည်းပညာတက္ကသိုလ်များ (Centres of Excellence) ပေါ်ပေါက်လာ၍ အရည်အချင်းပြည့်ဝသော နည်းပညာကျွမ်းကျင် သူများနှင့် အင်ဂျင်နီယာများ မွေးထုတ်ပေးနိုင်ရေး လက်တွေ့ကျစွာ ပုံဖော်မည့် အစီအစဉ် (Realistic Scenario) ဖြင့် အင်ဂျင်နီယာ နှင့် နည်းပညာဆိုင်ရာပညာရေးစနစ်ကို အကောင်အထည်ဖော် ဆောင်ရွက် ပေးပါရန် ပြည်ထောင်စုအစိုးရအား တိုက်တွန်းကြောင်း အဆို။ | ၉-၁၀-၂၀၁၃ ဆဋ္ဌမနေ့ | ၂၃-၁၀-၂၀၁၃ (၁၁)ရက် မြောက်နေ့ ကိုယ်စားလှယ် ဆွေးနွေး ၆-၁၁-၂၀၁၃ (၁၅)ရက် မြောက်နေ့ ဆုံးဖြတ် | သိပ္ပံ/နည်းပညာ ပြည်ထောင်စုဝန်ကြီး ဒေါက်တာကိုကိုဦး | အတည်ပြု |

| စဥ် | တင်သွင်းသူအမည် မဲဆန္ဒနယ်နှင့် ကိုယ်စားပြုပါတီ | အဆိုအကြောင်းအရာ | အဆိုတင် သည့်နေ့ | ဆုံးဖြတ် သည့်နေ့ | ရှင်းလင်းဖြေကြား သည့်ဌာန | မှတ်ချက် |
|---|---|---|---|---|---|---|
| ၃ | ဦးသိန်းဝင်း ဥက္ကဋ္ဌ ပြည်သူ့ငွေစာရင်းကော်မတီ | ပဲခူးတိုင်းဒေသကြီး၊ နတ္တလင်းမြို့နယ်၊ နတ္တလင်း - ဒမငယ် - တောင်ညိုလမ်း ကျောက်ချောခင်းခြင်းလုပ်ငန်းအပေါ် အမျိုးသားလွှတ်တော် ပြည်သူ့ငွေစာရင်းကော်မတီ၏ လေ့လာစိစစ်တွေ့ရှိချက် အစီရင်ခံစာတွင် ဖော်ပြထားသော လေ့လာစိစစ်တွေ့ရှိချက်၊ သုံးသပ်ချက်များအပေါ် အရေးယူပြုပြင်လိုက်နာဆောင်ရွက်ရန် ပြည်ထောင်စုအစိုးရအား တိုက်တွန်းကြောင်း အဆို။ | ၉-၁၀-၂၀၁၃ ဆဋ္ဌမနေ့ | ၂၃-၁၀-၂၀၁၃ (၁၁)ရက် မြောက်နေ့ ကိုယ်စားလှယ် ဆွေးနွေး ၆-၁၁-၂၀၁၃ (၁၅)ရက် မြောက်နေ့ ဆုံးဖြတ် | မွေးရေး/ ကျေးလက် ဒုတိယဝန်ကြီး ဦးတင်ငွေ | အတည်ပြု |
| ၄ | ဦးမျိုးမြင့် မန္တလေးတိုင်းဒေသကြီး မဲဆန္ဒနယ်အမှတ်(၆) ပြည်ထောင်စုကြံ့ခိုင်ရေး နှင့်ဖွံ့ဖြိုးရေးပါတီ | သစ်တောဂေဟစနစ်မျိုးစုံ (Forest Ecosystem) နှင့် ဇီဝမျိုးစုံ မျိုးကွဲ (Biodiversity) ကြွယ်ဝသည့် မြန်မာနိုင်ငံ၏ အမြဲတမ်းသစ်တောနယ်မြေများ (Permanent Forest Estate - PFE) ထာဝစဉ် ဖွံ့ဖြိုးရှင်သန်နေစေရေး မြန်မာ့သစ်တောမူဝါဒကို လက်တွေ့ပကာနကျစွာ ပုံဖော်ဆောင်ရွက်နိုင်ရန် ပြည်ထောင်စုအစိုးရအား တိုက်တွန်းကြောင်း အဆို။ | ၁၄-၁၀-၂၀၁၃ အဋ္ဌမနေ့ | | | ဆွေးနွေးရန် ကျန် |
| ၅ | ဒေါက်တာမြင့်ကြည် ရန်ကုန်တိုင်းဒေသကြီး မဲဆန္ဒနယ်အမှတ်(၈) ပြည်ထောင်စုကြံ့ခိုင်ရေး နှင့်ဖွံ့ဖြိုးရေးပါတီ | ရေနံနှင့် သဘာဝဓာတ်ငွေ့ တူးဖော်ရှာဖွေရေးအတွက် လိုအပ်သော ဥပဒေများရေးဆွဲရန် ပြည်ထောင်စုအစိုးရအား တိုက်တွန်းကြောင်း အဆို။ | ၁၅-၁၀-၂၀၁၃ နဝမနေ့ | ၁၄-၁၁-၂၀၁၃ (၁၈)ရက် မြောက်နေ့ | စွမ်းအင် ဒုတိယဝန်ကြီး ဦးမြင့်ဇော် | မှတ်တမ်းတင် |

| စဉ် | တင်သွင်းသူအမည် မဲဆန္ဒနယ်နှင့် ကိုယ်စားပြုပါတီ | အဆိုအကြောင်းအရာ | အဆိုတင်သည့်နေ့ | ဆုံးဖြတ်သည့်နေ့ | ရှင်းလင်းဖြေကြားသည့်ဌာန | မှတ်ချက် |
|---|---|---|---|---|---|---|
| ၆ | ဗိုလ်မှူးချုပ်ခင်မောင်အေး အဖွဲ့ဝင် နိုင်ငံရေး၊ စီးပွားရေးနှင့် ဥပဒေရေးရာကော်မရှင် | ပင်လယ်ရေကြောင်းဆိုင်ရာ အမှုစီရင်ပိုင်ခွင့် (Admiralty or Maritime Jurisdiction) အာဏာအပ်နှင်းနိုင်ရန် ပြည်ထောင်စုတရားစီရင်ရေးဥပဒေကို လိုအပ်သလို ပြင်ဆင်နိုင်ရေးအတွက်” ပြည်ထောင်စုတရားလွှတ်တော်ချုပ်အား တိုက်တွန်းကြောင်းအဆို။ | ၂၁-၁၀-၂၀၁၃ ဒသမနေ့ | | | ဆွေးနွေးရန်ကျန် |
| ၇ | ဦးမျိုးမြင့် မန္တလေးတိုင်းဒေသကြီး မဲဆန္ဒနယ်အမှတ်(၆) ပြည်ထောင်စုကြံ့ခိုင်ရေးနှင့်ဖွံ့ဖြိုးရေးပါတီ | မြန်မာနိုင်ငံ မိုးရာသီရေကြီးပျက်စီးဆုံးရှုံးမှုများ လေ့လာဆန်းစစ်ခြင်း (Flood Damage Analysis) နှင့် ထိခိုက်မှု သက်သာလျော့နည်းစေရန် ကုစားနိုင်မည့် အစီအမံများ (Mitigation Measures) ဖြင့် ပြည်သူများ ရေရှည်အကျိုးခံစား နိုင်ရေးအကောင်အထည်ဖော်ဆောင်ရွက်သွားရန် ပြည်ထောင်စုအစိုးရအား တိုက်တွန်းကြောင်းအဆို။ | ၂၁-၁၀-၂၀၁၃ ဒသမနေ့ | ၁၄-၁၁-၂၀၁၃ (၁၈)ရက်မြောက်နေ့ | ပို့ဆောင်ရေး ဒုတိယဝန်ကြီး ဦးဟံစိန် | အတည်ပြု |
| ၈ | ဦးခင်မောင်ရီ ဧရာဝတီတိုင်းဒေသကြီး မဲဆန္ဒနယ်အမှတ်(၆) ပြည်ထောင်စုကြံ့ခိုင်ရေးနှင့်ဖွံ့ဖြိုးရေးပါတီ | ပြည်ထောင်စုသမ္မတမြန်မာနိုင်ငံတော်တွင် အနာဂတ်မျိုးဆက်သစ်လူငယ်များ၏ အရေးကိစ္စအတွက် အခြားအာဆီယံနိုင်ငံများ၊ အာရှနိုင်ငံများကဲ့သို့ ပြည်ထောင်စုအဆင့်လူငယ်ဆိုင်ရာကော်မရှင် (သို့) ကော်မတီတစ်ရပ်၊ သို့မဟုတ် ပြည်ထောင်စုအဆင့်ဝန်ကြီးဌာန ဖွဲ့စည်းထားရှိမှု မရှိသေးသည့်အတွက် လိုအပ်သလိုဖွဲ့စည်း၍ လုပ်ငန်းများပေါင်းစပ်ညှိနှိုင်းကာ လူငယ်ဖွံ့ဖြိုးရေးလုပ်ငန်းများကို ပိုမိုထိရောက်စွာ လုပ်ဆောင်သွားနိုင်ပါရန် ပြည်ထောင်စုအစိုးရအား တိုက်တွန်းကြောင်း အဆို။ | ၄-၁၁-၂၀၁၃ (၁၄)ရက်မြောက်နေ့ | | | ဆွေးနွေးရန်ကျန် |

| စဉ် | တင်သွင်းသူအမည် မဲဆန္ဒနယ်နှင့် ကိုယ်စားပြုပါတီ | အဆိုအကြောင်းအရာ | အဆိုတင် သည့်နေ့ | ဆုံးဖြတ် သည့်နေ့ | ရှင်းလင်းဖြေကြား သည့်ဌာန | မှတ်ချက် |
|---|---|---|---|---|---|---|
| ၉ | ဦးခင်မောင်ရီ ဧရာဝတီတိုင်းဒေသကြီး မဲဆန္ဒနယ်အမှတ်(၆) ပြည်ထောင်စုကြံ့ခိုင်ရေး နှင့်ဖွံ့ဖြိုးရေးပါတီ | နိုင်ငံတော်အနေနှင့် ရာသီဥတုပြောင်းလဲ ဖောက်ပြန်ခြင်း၏ အကျိုးသက်ရောက်မှုအပေါ် တုံ့ပြန်ဆောင်ရွက်ရေး အမျိုးသား အဆင့်ကော်မရှင် ကဲ့သို့သော ဝန်ကြီးဌာနပေါင်းစုံ၊ ဘာသာရပ် ဆိုင်ရာ NGO/INGO များ၊ ပညာရှင်များ စုံညီစွာပါဝင်နိုင်မည့် အမျိုးသားအဆင့်အဖွဲ့အစည်းကို ဖွဲ့စည်းတာဝန်ပေးအပ်ခြင်း၊ ရန်ပုံငွေသတ်မှတ်လျာထားခြင်း၊ နိုင်ငံတကာနှင့် ဆက်သွယ် ပေါင်းစပ်၍ သတင်းအချက်အလက်နှင့် နည်းပညာဖလှယ်ရယူ ခြင်းဖြင့် နှစ်ရှည်အမျိုးသားစီမံကိန်းတစ်ရပ် ချမှတ်ဆောင်ရွက် သွားရန် နိုင်ငံတော်နှင့် ပြည်သူ့အကျိုးမျှော်ကိုး၍ ပြည်ထောင်စု အစိုးရအား တိုက်တွန်းကြောင်း အဆို။ | ၆-၁၁-၂၀၁၃ (၁၅)ရက် မြောက်နေ့ | | | ဆွေးနွေးရန် ကျန် |